# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**ဒုတိယဦးစီးမှူး(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၆၉)နေရာ၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူး (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၃၉)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်(ဌာနခွဲများ)၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| | လျှောက်ထားနိုင်သည့်ရာထူး | ပညာအရည်အချင်း | အရေအတွက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး | တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc.) | ၆၉ ဦး |
| (ခ) | ဒုလက်ထောက်ကြီးကြပ်ရေးမှူး | မွေးမြူရေးပညာဘွဲ့ (B.A.Sc.) | ၃၉ ဦး |
| | **စုစုပေါင်း** | | **၁၀၈ ဦး** |

၂။ ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁-၈-၂၀၂၀)ရက်တွင် အသက်(၃၃)နှစ် မကျော်လွန်သူဖြစ်ရမည်ဖြစ်ပြီး မဟာဘွဲ့ရရှိပြီး သူဖြစ်ပါက အသက် (၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းသူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး မိမိဖြေဆိုလိုသည့် စာစစ်ဌာနကို မဖြစ်မနေရွေးချယ်ပေးရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဤဦးစီးဌာန၏ ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး ရုံးများတွင် လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန Website ဖြစ်သည့် www.lbvd.gov.mm တွင်လည်းကောင်း အခမဲ့ရယူနိုင်ပြီး လျှောက်လွှာကို ဤဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးများ သို့မဟုတ် မွေးမြူရေးနှင့်ကုသဦးစီးဌာန (ရုံးချုပ်)၏ အီးမေးလ် ဖြစ်သည့် lbvdstaff2020@gmail.com သို့ (၇-၉-၂၀၂၀)ရက် ညနေ (၄)နာရီခွဲ နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ခ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

(ဂ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ်အရွယ် ဓာတ်ပုံ(၁)ပုံလျှောက်လွှာတွင် ကပ်ပေးရန် (လူတွေ့စစ်ဆေးသည့်အခါ ပတ်စ်ပို့ဆိုဒ်အရွယ် ဓာတ်ပုံ (၂)ပုံယူဆောင်လာ ရမည်။)

(ဃ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့၏ (၃၀-၆-၂၀၂၀)ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း။

(င) ဘွဲ့လက်မှတ်မိတ္တူ (မူရင်းများကို လူတွေ့စစ်ဆေးသည့်အခါ တင်ပြရမည်။)

(စ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။

(ဆ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်းထောက်ခံချက်မူရင်း။

(ဇ) ဒုတိယဦးစီးမှူးရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ရေး ဝန်ခံကတိ။

(ဈ) ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးရာထူးအတွက် ဤဦးစီးဌာနတွင် အနည်းဆုံး (၃)နှစ် အမှုထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ရေး ဝန်ခံကတိ။

၅။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ ပညာရပ်ဆိုင်ရာနှင့်အထွေထွေဗဟုသုတဘာသာရပ် ရေးဖြေစာမေးပွဲ၊ လူတွေ့နှုတ်ဖြေစာမေးပွဲများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများတွင် အသီးသီးကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ ရေးဖြေစာမေးပွဲကို (၁၁-၉-၂၀၂၀)ရက် နံနက် (၉)နာရီမှ (၁၁)နာရီအထိ ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့နှုတ်ဖြေစာမေးပွဲကို မွန်းလွဲ (၁)နာရီမှ စတင်ဖြေဆိုရမည် ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၈၅၆၉၊ ၀၆၇-၃၄၀၈၄၆၇ များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**